ပြည်ဆောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုက်ပျိုးခရေးခမွမ်းမြှုခရေးနှင့်ဆည်ခမြောင်းဝန်ကြီးဌာန
(ခကျေးလက်ခဒသဖွံ့ဖြိုးတိုးတက်ခရေးဦးစီးဌာန)

မြို့နယ်ခကျေးလက်ခဒသဖွံ့ဖြိုးတိုးတက်ခရေးဦးစီးဌာန
ကွတ်ခိုင်မြို့

ခကျေးရွာဖွံ့ဖြိုးခရေးစီမံကိန်း
(Village Development Plan)
ဟန်ကိုင်ခကျေးရွာ

ရက်စွဲ ၂၀၂၁ ခြည့်နှစ် ခအောက်တိုဘာလ ရက်

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	စကားချီး	၁
၂။	ကွဝ်နိုင်မြို့နယ် အခြေပြုမြေပုံ	၂
၃။	ဟန်ကိုင်ကျေးရွာ အခြေပြုမြေပုံ	၂
၄။	နိဒါန်း	၃
	(က) ရည်ရွယ်ချက်	၃
	(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု	၄
၅။	ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ	၅
	(က) တည်နေရာ	၅
	(ခ) သဘာဝအရင်းအမြစ်များ	၅
၆။	လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၅
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၅
	(ခ) ကျား/မဆိုင်ရာဆက်နွယ်မှု	၅
၇။	ကလျာအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ	၆
	(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်	၆
	(ခ) သီးနှံစိုက်ပျိုးရေးလုပ်ငန်း	၆
	(ဂ) မွေးမြူရေးလုပ်ငန်း	၇
	(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်း	၇
	(င) အခြေခံအဆောက်အဦး(လက်လှမ်းမှီရယူမှု)လမ်း၊သတင်းနှင့်ဆက်သွယ်ရေး	၇
	(စ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး	၈
၈။	အဟန့်အတားနှင့်စိန်ခေါ်မှုများ	၈
၉။	ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ	၉
	(က) ရည်မှန်းချက်ပန်းတိုင်	၉
	(ခ) နည်းဗျူဟာ	၉
	(ဂ) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စစ်ခြင်း	၁၀
၁၀။	ဦးစားပေးစီမံချက်များ	၁၀
၁၁။	လူထုပူးပေါင်းပါဝင်သောဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်း PRA/PSAအကျဉ်းချုပ်ဇယား	၁၁
၁၂။	ကျေးရွာလက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ဝေဖန်ဆန်းစစ်နိုင်ရန်အတွက် အောက်ပါအုပ်စုများအား အုပ်စုလိုက်ခွဲ၍ ဆွေးနွေးခြင်း	၁၁
၁၃။	ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်း	၁၂

CamScanner

စီအတွက် သုံးသပ်ချက်များ

(က) ကျေးရွာအရင်းမြစ်ပြမြေပုံ(Rescourse Map) ၁၂

(ခ) ရာသီခွင်ပြပြကွဒိန်(Seasonal Calandar) ၁၂

(ဂ) ရွာတွင်းနှင့်ရွာပြင်ပချိတ်ဆက်မှုအဖွဲ့အစည်း(Venn Diagram) ၁၃

(ဃ) ဥစ္စာဓနကြွယ်ဝဆန်းစစ်ခြင်း(Wealth Ranking) ၁၃

၁၄။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓါတ်ပုံများ ၁၄

၁၅။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၁၅

၁၆။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၁၅

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏အခန်းကဏ္ဍ ၁၅

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း ၁၅

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ ၁၅

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်လည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေး အတွက်ငွေကြေးဆိုင်ရာအစီအမံများ ၁၆

၁၇။ စောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ်ခြင်းဆိုင်ရာ ၁၆

၁၈။ ဟန်ကိုင်ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ကော်မတီစာရင်း ၁၇

၁၉။ စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ(Project Profile) ၁၈

၂၀။ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၂၀

၂၁။ ကိုးကားစာရင်း ၇၂

CamScanner

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉-၂၀၂၀ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ခုဘဏ္ဍာရေးနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဟန်ကိုင်ကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးစားပေး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ဖြစ်ပါသည်။ စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများကို ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အား အထူးပင် ကျေးဇူးတင်ပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပူးပေါင်းပါဝင်ပြီး ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ သက်ဆိုင်ရာဝန်ထမ်းများကို အထူးကျေးဇူးတင်ရှိပါသည်။


ဟန်ကိုင်ကျေးရွာတွင် ရွာလူထုကိုယ်တိုင် ရပ်ရွာကျိုးအတွက် တိုးတက်စေရေးလုပ်ငန်း များကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့သော်လည်း လူထုများအနေဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် နည်းလမ်းများကို အသုံးပြု၍ ကျေးရွာလူထုကိုယ်တိုင် တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ အစီအစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှာလည်း ကောက်ယူရရှိခဲ့ပါသည်။သို့အပြင် ထပ်မံလိုအပ်နေသော ကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းမွန်စွာ နားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည် ဖြစ်ပါသည်။ဤလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါသည်။


ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာအစိုးရဌာနများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်နိုင်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဟန်ကိုင်ကျေးရွာ
ကွတ်ခိုင်မြို့

၁။ ကွတ်ခိုင်မြို့နယ် အခြေပြမြေပုံ



၂။ နိမ်လွန်ခိုမုန်းကျေးရွာရွာအုပ်စု၊ ဟန်ကိုင်ကျေးရွာ အခြေပြမြေပုံ



၃။ နိဒါန်း

ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်း များ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအား အတွေ့အကြုံများကို လေ့လာ သုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီ အစဉ်သစ် ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို နိုင်ငံတော်၏ အကူအညီ ဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲသည့် အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်းနှင့် သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာခဲ့ပါသည်။

ဟန်ကိုင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများကို ကြုံတွေ့နေရ သောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံချက်များ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ် စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာ ကာလအပြီးတွင် ထို ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းလမ်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်နည်းလမ်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်ဆံ ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး အသုံးဝင်မှုများကို သိရှိလာနိုင်ရန် မျှော်လင့်နေပါ သည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်း အ ဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင် ရွက်လာနိုင်မည် ဖြစ်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊အရပ်ဖက်လူမှုအဖွဲ့စည်းများ(CSOs)နှင့် အလှူ ရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက် ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

CamScanner

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက်ကျွမ်းသည့် ပညာရှင်များ အနေဖြင့် ကျွန်ုပ်တို့၏ တိကျသောလိုအပ်ချက်များကို ကျေးရွာလူထုကိုယ်တိုင် သိရှိလာခြင်းကြောင့် ကျေးရွာလိုအပ်ချက်များကို ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်သွယ်ရေး ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများနှင့် မီဒီယာများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ရေးဘဏ်)၊နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလုပ်လာနိုင်မည် ဖြစ်ပါသည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တက်နိုင်သော ငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ယခုအခါ ယင်းသို့မဟုတ်ပဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားခြင်း ဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုအစီအစဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

CamScanner

(၄) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ

ဟန်ကိုင်ကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ် အတွင်းတည်ရှိပါသည်။အရှေ့မြောက်ဘက်တွင် ခိုမုန်းကျေးရွာ၊ အရှေ့တောင်ဘက်တွင် ကောင်းလိမ်ကျေးရွာ၊ တောင်ဘက်တွင် တင်လွမ်ကျေးရွာနှင့် မြောက်ဘက်တွင် တော်မော် ကျေးရွာ တည်ရှိပါသည်။ဟန်ကိုင်ကျေးရွာမှာ ကချင်လူမျိုးများ အများစုနေထိုင်ကြပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

ဟန်ကိုင်ကျေးရွာ၏ ရာသီဥတုမှာ အပူအအေးမျှတမှု ရှိပါသည်။စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၃၀)ဧက၊ ယာမြေ/တောင်ယာမြေ(၆၇)ဧက၊ဥယျဉ်ခြံမြေ(၃၅)ဧက ၊ မြေလွတ်မြေလပ်(၆)ဧက စုစုပေါင်း(၁၃၈) ဧကရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီ အလိုက် ဟင်းသီး/ဟင်းရွက်ပင်များကို အနည်း အကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ သင့် ပါသည်။

(၅) လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ဟန်ကိုင်ကျေးရွာသည် ကွတ်ခိုင်မြို့နယ်အတွင်း ရှိပါသည်။ ကွတ်ခိုင်မြို့နယ်မှ အကွာအဝေး (၄၀/၀)မိုင် အကွာတွင်ရှိပြီး နိမ်လွန်ခိုမုန်းကျေးရွာအုပ်စုအတွင်း ရှိ ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ဟန်ကိုင်ကျေးရွာ၏ အိမ်ခြေ/အိမ်ထောင်စု (၅၉)အိမ် ရှိပါသည်။ ကျား(၁၃၈)ဦး၊ မ(၁၂၆)ဦး စုစုပေါင်းလူဦးရေ (၂၆၄)ဦး ရှိသောကြောင့် တစ်အိမ်ထောင်လျှင် ပျှမ်းမျှ(၄)ဦးနှုန်း နေထိုင်လျှက် ရှိပါသည်။

(ခ) ကျား/မ ဆိုင်ရာ ဆက်နွယ်မှု

ဟန်ကိုင်ကျေးရွာ၏ လူမှုရေးအဖွဲ့အစည်းများကိုကြည့်လျှင် ရိုးရာအရ ရွာအတွင်း ဖွဲ့စည်းထားသော အဖွဲ့အစည်းတိုင်းသည် ကျား/မ ပါဝင်မှုအချိုးအစား တစ်ခုဖြင့် ပါဝင်ဖွဲ့ စည်းကြသည်ကို တွေ့ရှိရပါသည်။ကျေးရွာပြင်ပမှ လာရောက်ဖွဲ့စည်းထားသော အဖွဲ့အစည်း အများစု(ဥ ပမာ- အမျိုးသမီးရေးရာ၊ ကျန်းမာရေးကော်မတီ၊လူငယ်အဖွဲ့များ)မှာ ကျေးရွာ အတွက် အမြဲအားကိုးရပါသည်။အမျိုးသမီးအများစုသည် ကျေးရွာအစည်းအဝေးပွဲသို့ အလျဉ်းသင့်သလို တက်ရောက်ပြောဆိုနိုင် ကြပါသည်။

CamScanner

(၆) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

ဟန်ကိုင်ကျေးရွာသည် လက်ရှိဖွံ့ဖြိုးမှုအနေအထားကိုသိရှိခြင်းအားဖြင့် နိုင်ငံတော်အစိုးရနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ဟန်ကိုင်ကျေးရွာသည် ဖွံ့ဖြိုးရေးကိစ္စရပ်များကို သာမန်အားဖြင့် အုပ်ချုပ်ရေး နှင့် ရပ်မိရပ်ဖအဖွဲ့တို့က တိုင်ပင်ဆုံးဖြတ်လေ့ရှိပြီး တစ်ရွာလုံးက ပူးပေါင်းပါဝင်လေ့ရှိပါသည်။ အုပ်ချုပ်ရေးနှင့် ဆက်စပ်သည့် မေတ္တာဖောင်ဒေးရှင်းအဖွဲ့၊ ပညာရေးအဖွဲ့၊ MCU အဖွဲ့အစည်းအမျိုးအစားစုံလင်စွာ ဖွဲ့စည်းထားရှိပြီး မှတ်တမ်းမှတ်ရာ အားကောင်းပါသည်။ အုပ်ချုပ်ရေးအဖွဲ့သည် အကြံပေးပြီး သြဇာညောင်းသူများ ဖြစ်ကြပါသည်။ သာရေး/ နာရေးနှင့် ဘာသာရေးအတွက် အမှန်တကယ်တာဝန် ယူလုပ် ကိုင်သူများမှာ ရိုးရာဓလေ့အရ ဖွဲ့စည်းထားသောအဖွဲ့များဖြစ်ပြီး တစ်ရွာလုံးရှိ လူငယ်၊ လူလတ်၊ လူကြီး အားလုံးလိုလို သင့်လျော် ရာတွင် ပါဝင်ကြပါသည်။

(ခ) သီးနှံစိုက်ပျိုးရေး

ဟန်ကိုင်ကျေးရွာတွင် (၂.၅)ဧကအောက် ဆင်းရဲသားတောင်သူ (၁၂)အိမ်ထောင်စု၊ (၂.၅)ဧကမှ(၅)ဧကကြား တောင်သူငယ်(၂၃)အိမ်ထောင်စု၊ (၅)ဧကမှ(၁၂.၅)ဧကကြား တောင်သူလတ် (၂)အိမ်ထောင်စု စုစုပေါင်း(၂)အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးနှင့် ပြောင်းဖူးများကို အားထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်း (၃၉)အိမ်ထောင်စု ခန့်ရှိပါသည်။

ကွတ်ခိုင်မြို့နယ်၊ ဟန်ကိုင်ကျေးရွာသည် လယ်ယာကဏ္ဍ စိုက်ပျိုးလုပ်ငန်းအားဖြင့်ကြံ၊ ပြောင်းဖူးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လျှက်ရှိပါသည်။ လယ်ယာအသုံးပြုရန် လိုအပ်သည့် ရေအရင်းအမြစ်များအား နွေရာသီကာလတွင် အခက်အခဲရှိပါသည်။ ၎င်း စိုက်ပျိုးထားသည့် လုပ်ငန်းများအတွက် အရည်အသွေးညံ့လာခြင်းကြောင့် ဖော်ထုတ်ပါသည်။ ဖော်ထုတ်ကြရာတွင် စပါးသည် ကျေးရွာ၏ ပထမဝင်ငွေရသီးနှံဖြစ်ပြီး အမြတ် ရရှိနိုင်မှု(လတ်) အဆင့်တွင်ရှိပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပြီး နွေရာသီတွင် တစ်ချို့လယ်ဧကများသည် ချောင်းရေကို အသုံးပြုကြပါသည်။ချောင်းရေမှာ တစ်နှစ်ပတ်လုံး ရရှိသောကြောင့် ရေလုံလောက်မှု ရှိပါသည်။ကြံအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၆၇)တန် ထွက်ရှိပြီး ကြံ တစ်ဧကပျမ်းမျှ(၈)တန် ထွက်ရှိပါသည်။ မိုးစပါးစိုက်ပျိုးရာတွင်

ဗျက်ပိုးနှင့်ခရုများ အနည်းငယ်ကျရောက်ပါသည်။ပြောင်းဖူးအထွက်နှုန်း (၃၀)ဧကရှိပြီး ပြောင်းဖူးတစ်ဧက အထွက်နှုန်းပျမ်းမျှ (၃၈)အိတ် ထွက်ရှိပါသည်။

သီးနှံအထွက်ဝိုးစေရန် သဘာဝဖြစ်ရွေး၊ အော်ဂဲနစ်ဖြည်ဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံမျိုးစေ့များ ကိုလည်း မြို့နှင့်အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ကြပါသည်။

(ဂ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ကျဲမွေးမြူရေးမှာ အိမ်ထောင်စု(၇)ရှိပြီး ကျဲကောင်ရေ(၁၈)ကောင် ရှိပါသည်။ ကြက်မွေးမြူရေးမှာ အိမ်ထောင်စု (၂၈)ရှိပြီး ကြက်ကောင်ရေ(၁၆၆)ကောင်၊ ဝက်မွေးမြူရေး မှာ အိမ်ထောင်စု(၂၄)ရှိပြီး ဝက်ကောင်ရေ(၄၃)ကောင်၊ ဘဲမွေးမြူရေးမှာ အိမ်ထောင်စု(၂) ရှိပြီး ဘဲကောင်ရေ(၁၂)ကောင် စသည်ဖြင့် တစ်ဝိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြ ပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်း

ဟန်ကိုင်ကျေးရွာသည် စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖွဲ့နှင့် ဆွေးနွေးသိရှိချက်အရ အခြားသောလုပ်ငန်းဖြစ်သည့် ကုန်စုံဆိုင်လုပ်ငန်းများ အနည်းငယ်လုပ်ကိုင် ဆောင်ရွက်လျှက်ရှိပါသည်။ အသက်မွေးဝမ်းကျောင်းနည်းပညာ အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှု အားနည်းသဖြင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါသည်။ ရာသီအလိုက်စိုက်ပျိုးထား သည့် သီးနှံများ စီးပွားအဖြစ် ရောင်းဝယ်လုပ်ကိုင်လျှင် မိုးရာသီကာလတည်းသာ ရောင်းဝယ် ပြုလုပ်နိုင်ပြီး ကျန်ရှိသည့် ရာသီကာလတွင် ရောင်းဝယ်ရန်ခက်ခဲမှုရှိနေပါသည်။

(င) အခြေခံအဆောက်အဦး(လက်လှမ်းမှီရယူမှု)၊လမ်း၊သတင်းနှင့်ဆက်သွယ်ရေး

ဟန်ကိုင်ကျေးရွာသည် ကွတ်ခိုင်မြို့နယ်တွင် တည်ရှိပါသည်။ ကွတ်ခိုင်မြို့ မှ ဟန်ကိုင်ကျေးရွာအထိ လားရှိုး-မူဆယ်သွားလမ်း ပြည်ထောင်စုလမ်းမကြီး ကတ္တရာလမ်း ဖြစ်ပါသည်။

ကျေးရွာတွင် မော်တော်ဆိုင်ကယ် (၄၆)စီး၊သုံးဘီးဆိုင်ကယ်(၁)စီး၊ ထော်လာကျီ(၁၀)စီး နှင့် ကား(၁၀)စီး သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ယင်းသည်အိမ်ထောင်စု(၅၉)အိမ် ရှိပြီး ဖုန်းအသုံးပြုသူ (၇၂)ဦး၊ ရေဒီယို(၁၆)လုံး၊ တီဗွီ(၁၃)လုံးနှင့် ဂြိုလ်တုစလောင်း(၁)လုံး ရှိပါသည်။အိမ်ထောင်စု တစ်စု လျှင် ဆက်သွယ်ရန် တယ်လီဖုန်းများမှာ ရာနှုန်းအပြည့် အသုံးမပြု နိုင်ပါ။

ဟန်ကိုင်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၇၂) စသည်တို့မှ ရရှိနေပြီး အများအားဖြင့် လိုင်းမမိ၍ အသုံးပြုမရပါ။

(စ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ဟန်ကိုင်ကျေးရွာသည် သာမန်အားဖြင့် ပဋိပက္ခမရှိပဲငြိမ်းချမ်းပါသည်။ တိုင်းရင်း သားလက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ ဝင်ထွက်သွားလာနေကြသည့် နေရာဖြစ်သော်လည်း အပစ်ခက်ရပ်စဲရေးဆိုင်ရာ သဘောတူညီမှု လက်မှတ်ရေးထိုးခြင်းကြောင့် လက်ရှိအချိန်၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှ ဝင်ထွက်သွားလာမှုမရှိတော့ပဲ အေးချမ်းစွာလုပ်ကိုင် လျှက်ရှိပါသည်။ဘာသာ၊ ယဉ်ကျေးမှုအားကောင်းနေဆဲဖြစ်သည့် ကျေးရွာ တစ်ရွာအဖြစ် ရပ်တည်ပြီး ကျေးရွာ၏သဘာဝအရင်းအမြစ်များကို ဝိုင်းဝန်းထိန်းသိမ်း လုပ်ဆောင်လျှက် ရှိနေပါသည်။

(ဂ) အဟန့်အတားနှင့်စိန်ခေါ်မှုများ

ကွတ်ခိုင်မြို့နယ်၊ ဟန်ကိုင်ကျေးရွာသည် လက်ရှိအချိန်ထိ သဘာဝဘေးအန္တရာယ် ဖြစ်လေ့ ရှိသည့် အကြောင်းအရင်းများသည် အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကျေးရွာတွင် ကိုယ်ထူကိုယ်ထ စိမ့်စမ်းရေပေးရေး ရှိသော်လည်း နွေရာသီတွင် ရေခမ်းခြောက်သဖြင့် ရေမလုံလောက်မှုများ ကြုံတွေ့နေရပါသည်။

(ခ) ကျေးရွာတွင်းရေကန်သောက်သုံးရန်မလုံလောက်၍ ဆောက်လုပ်ရန် ခက်ခဲခြင်း။

(ဂ) နွေရာသီ မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေး လုပ်ငန်းများတွင်လည်း အခက်အခဲ ကြုံနိုင်ပါသည်။

(ဃ) သောက်သုံးရေအတွက် အချိန်ပေးလုပ်ဆောင်နေရသဖြင့် အခြားသော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းနည်းပါးသည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှု စီးပွားဘဝဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်

ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းပါဝင်ဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါရည်မှန်းချက်ပန်းတိုင်နှင့် ယင်းပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ် ထားခဲ့ကြပါသည်။

(က) ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ/သားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့် ပညာရေးကိုအလေးထားပြီး ကလေးများနှင့် လူငယ်များ အတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာချမှတ်ထားပါသည်-

(၁) ကျေးရွာဖွံ့ဖြိုးရေးစီမံအုပ်ချုပ်မှုကဏ္ဍကို ပိုမိုပွင့်လင်းမြင်သာစွာဖြင့် တာဝန်ယူမှုရှိစေရန်။

(၂) ကျေးရွာ ရေပေးရေး များကဲ့သို့သော အခြေခံအဆောက်အဦးများအား ပိုမိုခိုင်မာအားကောင်းစေခြင်းဖြင့် ကျေးရွာလူထုများ လုံခြုံအဆင်ပြေချောမွေ့စွာ နေထိုင်သွားလာစေရန်။

(၃) စိုက်ပျိုးရေးကဏ္ဍထုတ်ကုန်မြင့်မားလာစေရေး စက်မှုလယ်ယာအတွက် စက်ကိရိယာများ ပိုမိုတိုးတက်အသုံးပြုနိုင်စေရန်။

(၄) မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို ပိုမိုသိရှိနားလည်လာစေပြီး လူမှုစီးပွားအကျိုးသက်ရောက်မှုများ လျော့ကျလာစေရန်။

(ခ) နည်းဗျူဟာ

လက်တွေ့ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို ဖော်ပြပါအတိုင်း အကောင်အထည်ဖော်ရေး နည်းဗျူဟာများကိုကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

ကျေးရွာအတွင်း ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးနှိုင်အတွက် ကျေးရွာအုပ်ချုပ်ရေး၊ ဖွဲ့စည်းထားရှိပြီးသော ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့က သက်ဆိုင်ရာဌာနများဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ချိတ်ဆက်ကြမည်ဖြစ်ပါသည်။ယင်းကော်မတီအနေဖြင့် ကျေးရွာအတွင်းရှိ သက်ဆိုင်ရာကျေးရွာအခြေပြု အဖွဲ့အစည်းများဖြင့် တွဲဖက်ကာ သင့်လျော်သည့် ကျေးရွာသူ/သားများ ပူးပေါင်းပါဝင်နိုင်မည့် အချိန်များကို ဖော်ထုတ်သတ်မှတ်ကာ ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်း၊ ကြီးကြပ်အကောင်အထည်ဖော်ခြင်း၊ ကျေးရွာလူထုသို့ စီမံကိန်းအကောင်အထည်ဖော်မှု အခြေအနေများကို စာရင်းဇယားနှင့်

CamScanner

တကွတင်ပြခြင်း၊ အမေးအဖြေပြုလုပ်ခြင်းများဖြင့် ဆက်လက်တိုးတက် လုပ်ကိုင်မည် ဖြစ်ပါသည်။

(ဂ) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန်အတွက် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက် အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ/ သားများ ကိုယ်တိုင်အားထုတ်လုပ် ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်အား အချိန်မှန်ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်းစသည်တို့ ဆောင် ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

(ဃ) ဦးစားပေးစီမံချက်များ

စီမံချက်များ နှစ်အလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာ လူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့် သတ်မှတ်ခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားသော အေဂျင်စီများထံမှ နည်းပညာအကူ အညီများ ရရှိနိုင်ရန်လည်း လိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ဟန်ကိုင်ကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)နှစ်အလိုက်ဦးစားပေးစီမံကိန်းလုပ်ငန်း

စဉ်	စီမံကိန်းအမည်	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
၁။	စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း	✓				
၂။	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း		✓			
၃။	လျှပ်စစ်မီးလင်းရေးသွယ်တန်းခြင်းလုပ်ငန်း			✓		
၄။	မူကြိုကျောင်းဆောင်သစ်တည်ဆောက်ခြင်းလုပ်ငန်း				✓	
၅။	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း					✓

CamScanner

(၁၀) လူထုပူးပေါင်းပါဝင်သောဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်း PRA/PSA အကျဉ်းချုပ်ဖော်ပြပေးပါ။

စဉ်	အသုံးပြုခဲ့သော PRA Tools များ
၁	ကျေးရွာအရင်းအမြစ်ပြမြေပုံ(Resource Map)
၂	ရာသီခွင်ပြပြကွဒိန်(Seasonal Calandar)
၃	ဥစ္စာဓနကြွယ်ဝမှုဆန်းစစ်ခြင်း(Wealth Ranking)
၄	ရွာတွင်းနှင့်ရွာပြင်ပချိတ်ဆက်မှုအဖွဲ့အစည်း(Venn Diagram)


(၁၁) ကျေးရွာလက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ဝေဖန်ဆန်းစစ်နိုင်ရန်အတွက် အောက်ပါအုပ်စုများအား အုပ်စုလိုက်ခွဲ၍ ဆွေးနွေးခြင်း

စဉ်	အုပ်စုအလိုက်ဆွေးဆွေးခြင်း(Focus Group Discussion)
၁	ရပ်မိ/ရပ်ဖအဖွဲ့
၂	တောင်သူအဖွဲ့
၃	လူငယ်အဖွဲ့
၄	အမျိုးသမီးအဖွဲ့
၅	ခိုက်ဖျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖွဲ့


CamScanner

(၁၂) ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

(က) ကျေးရွာအရင်းအမြစ်ပြမြေပုံ(Rescourse Map)




(ခ) ရာသီခွင်ပြပြကွဒီန်(Seasonal Calandar)



ကျေးရွာ၏ ရာသီခွင်ပြပြကွဒီန်ရေးဆွဲခြင်း

စဉ်	အကြောင်းအရာ	ဇန်နဝါရီလ	ဖေဖော်ဝါရီလ	မတ်လ	ဧပြီလ	မေလ	ဇွန်လ	ဇူလိုင်လ	သြဂုတ်လ	စက်တင်ဘာလ	အောက်တိုဘာလ	နိုဝင်ဘာလ	ဒီဇင်ဘာလ
၁	ရာသီဥတု												
၂	နိုက်ထိုးရေး												
၃	ဝင်ငွေ												
၄	အသုံးစရိတ်												
၅	စောကါ(လူ)												
၆	စောကါ(တိရိစ္ဆာန်)												
၇	စောကါ(သီးနှံ)												
၈	ပွဲတော်												
၉	သဘာဝဘေး												
၁၀	ဈေးရိုးမှု												

(ဂ) ရွာတွင်းနှင့်ရွာပြင်ပချိတ်ဆက်မှုအဖွဲ့အစည်း(Veen Diagram)



(ဃ) ဥစ္စာဓနကြွယ်ဝဆန်းစစ်ခြင်း(Wealth Ranking)

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည် သော အိမ်ထောင်စု	အလွန်မပြေ လည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	(၁၇)ကော	(၂၅)ကော	(၈၈)ကော	-
အိမ်အခြေအနေ	(၁)ထပ်တိုက်	ထရံအိမ် (၁)ထပ်	ထရံအိမ်(၁)ထပ်	ထရံအိမ်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု				
အဓိကစီးပွားရေးလုပ်ငန်း	တောင်ယာ	တောင်ယာ	လုပ်သား	-
အိမ်ထောင်စု	၂	၉	၄၆	၂

(၁၃) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓါတ်ပုံများ









CamScanner

(၁၄) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာအဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။အမှတ်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေး ဆွဲရေး အကူအညီများရရှိရန် လိုအပ်လျှက်ရှိပါသည်။

(၁၅) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင် အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရေးမှာ ကျွန်ုပ်တို့၏ တာဝန်ဖြစ်ပါသည်။ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကတာဝန်ယူဆောင်ရွက်လျှက်ရှိပါသည်။အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်သွားပါမည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကို လည်းရှာဖွေ ဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ကိုယ်တိုင် မတက်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာနည်းပညာပံ့ပိုးပေးမည့် ဌာနများကို ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရှိရပါသည်။ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ဖော်ပြပါအဖွဲ့အစည်းများမှာ ပါဝင်မည်ဖြစ်သည်ကို သိရှိထားပါသည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ

CamScanner

- စိုက်ပျိုးရေး၊မွေးမြူရေးစသည့်သင်တန်းများအတွက်နည်းပညာပိုင်းဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ)

ကန်ကထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော စီမံကိန်းလုပ်ငန်းကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်အတွက် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဦးစီးဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအတွက် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ် များအတွက် လုပ်ငန်းစီမံကိန်းများအား ပြုပြင်ထိန်းသိမ်းနိုင်ရန် ငွေကြေးဆိုင်ရာကောက်ခံဆောင်ရွက်သွားမည်ဖြစ်ပါသည်။လက်ရှိအချိန်ဇယားတွင် ပြုပြင်စရိတ်အတွက်ကော်ခံသွားရန် ကော်မတီဝင်များအနေဖြင့် ကျေးရွာလူထုတို့နှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ပါသည်။

(၁၆) စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာ

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းအကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိပါသည်။အထူးသဖြင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု၊ ငွေကြေးပိုင်းဆိုင်ရာတိုးတက်မှုနှင့် ကျား/မရေးရာတန်းတူပါဝင်မှုတို့ဖြင့် စောင့်ကြည့်စစ်ဆေးလျက်ရှိပါသည်။ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းတို့ကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့်သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ အခန်းကဏ္ဍအလိုက် စစ်ဆေးသုံးသပ်လျက်ရှိပါသည်။

(၁၇) ဟန်ကိုင်ကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ကော်မတီစာရင်း

ဟန်ကိုင်ကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ကော်မတီစာရင်း

စဉ်	အမည်	မှတ်ပုံတင်အမှတ်		တာဝန်	မှတ်ချက်
၁	ဦးဂမ်အောင်	၁၃/ကခန(နိုင်)	၀၇၀၄၂၀	ဥက္ကဋ္ဌ	
၂	ဦးဇော်လွမ်	၁၃/ကခန(နိုင်)	၀၀၆၉၁၄	အဖွဲ့ဝင်	
၃	ဦးအောင်ဒင်	NTU	၁၁၃၁၆၈	ဘဏ္ဍာရေးမှူး	
၄	ဦးမောင်ထွန်းအောင်	၁၃/ကခန(နိုင်)	၀၈၆၃၂၁	အတွင်းရေးမှူး	
၅	ဒေါ်ဘောက်နန်	၁၃/ဗမန(နိုင်)	၀၉၀၆၆၆၆	စာရင်းကိုင်	
၆	ဒေါ်မအို	၁၃/ကခန(နိုင်)	၀၈၆၂၀၃	အဖွဲ့ဝင်	
၇	ဒေါ်ခေါန်နန်			အဖွဲ့ဝင်	
၈	ဦးဂမ်ထွယ်			အဖွဲ့ဝင်	
၉	ဒေါ်နန်းအောင်ကြည်	၁၃/ကခန(နိုင်)	၀၁၉၈၅၃	အဖွဲ့ဝင်	
၁၀	ဦးရီအောင်	၁၃/ကခန(နိုင်)	၀၇၄၆၁၇	အဖွဲ့ဝင်	
၁၁	ဒေါ်မလုအွမ်			အဖွဲ့ဝင်	

CamScanner

စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ(Project Profile) **ပုံစံ(၁)**

ကျေးရွာ	ဟန်ကိုင်ကျေးရွာ
ကျေးရွာအုပ်စု	နှိမ်လွန်ခိုမုန်းကျေးရွာအုပ်စု
မြို့နယ်	ကွတ်ခိုင်မြို့နယ်
တိုင်းဒေသကြီး/ပြည်နယ်	ရှမ်းပြည်နယ်(မြောက်ပိုင်း)
စီမံချက်အမည်	စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း(၁/၂)မိုင်
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက်(သို့)လက်ရှိအခြေအနေ	
၁။ ကျေးရွာတွင် ကိုယ်တူကိုယ်ထ စိမ့်စမ်းရေပေးရေးရှိသော်လည်း နွေရာသီ ရေခမ်းခြောက်သဖြင့် ရေမလုံလောက်မှု များ ကြုံတွေ့နေရပါသည်။	
၂။ နွေရာသီမီးဘေးအန္တရာယ် ကာကွယ်တားဆီးရေး လုပ်ငန်းများတွင်လည်း အခက်အခဲ ကြုံတွေ့နေရပါသည်။ ကျောင်းသွား ကျောင်းပြန် အခက်အခဲများ ရှိပါသည်။	
၃။ သောက်သုံးရေအတွက် အချိန်ပေးလုပ်ဆောင်နေရသဖြင့် အခြားသော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းနည်းပါသည်။	
စီမံချက်၏ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)	
၁။ ကျေးရွာသူ/သားများ သောက်သုံးရေ အခက်အခဲ မရှိတော့ဘဲ တစ်နှစ်ပတ်လုံး လုံလောက်စွာ အသုံးပြု နိုင်ရန်။	
၂။ နွေရာသီ မီးဘေးအန္တရာယ် ကာကွယ်ရာတွင် အခက်အခဲ မရှိစေရန်။	
၃။ အခြားဝင်ငွေရလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ပြီး ဖျေးကွက်စီးပွားရေး ပိုမိုကောင်းမွန်လာစေရန်။ရန်၊	
မျှော်မှန်းအကျိုးရလာဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)	
၁။ ကျေးရွာတွင် ကိုယ်တူကိုယ်ထ စိမ့်စမ်းရေပေးရေးနှင့် ရေကန်တည်ဆောက်ခြင်းဖြင့် ကျေးရွာတွင် သောက်သုံးရေ ဖူလုံစွာရရှိလာမည်။	
၂။ နွေရာသီ မီးဘေးအန္တရာယ်ကြုံတွေ့လာပါကလည်း အချိန်မီ လွယ်ကူစွာငြိမ်းသတ်နိုင်မည်။	
၃။ ထိုသို့ စိမ့်စမ်းရေပေးရေး နှင့် ရေကန်တည်ဆောက်ခြင်းဖြင့် အိမ်တိုင်ရာရောက်ရေသွယ်စနစ်သို့ အဆင့်မြှင့်တင်နိုင်ပြီး အချိန်ကုန်သက်သာစွာဖြင့် သောက်သုံးရေဖူလုံစွာရရှိလာနိုင်မည်။	
၄။ စီးပွားရေးအတွက်အချိန်များများပေးနိုင်ပြီး အထောက်အကူဖြစ်လာစေနိုင်မည်။	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်)	
စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း(၁/၂)မိုင်	
ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ်(ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
၁၀၀၀၀၀၀၀	• ကျေးလက်ဦးစီး
၃၄၆၀၀၀၀	• ကျေးရွာ
	• ကျေးရွာ

ပုံစံ(၁)နောက်ဆက်တွဲ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၃၈	၁၂၆	၂၆၄	၂	၉	၄၆	၂	၅၉
အကျိုးခံစားမည့်ဦးရေ	၁၃၈	၁၂၆	၂၆၄	၂	၉	၄၆	၂	၅၉

မှတ်ချက်။ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ-၄

စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့်အဖွဲ့အစည်း(များ)

- ကျေးရွာ ရပ်မိရပ်ဖများနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ကော်မတီများ
- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း

- ၂၀၂၀ ခုနှစ်၊ မတ်လ

(၃) စီမံချက်ပြီးစီးမည့် အချိန်

- ၂၀၂၀ ခုနှစ်၊ မေလ

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့်အစီအစဉ်

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါသည်။
- စီမံကိန်းတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းနှင့်ငွေကြေးများ အသင့်တင့် ထည့်ဝင်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

- လုပ်ငန်းများကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။
- စိမ့်စမ်ရေပေးရေး ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ် ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ/သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။

CamScanner

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၄	၈
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၁၁	၁၄	၂၅
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသား အရွယ်	၁၅	၁၈	၂၅
၁၈ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၇	၁၉	၃၆
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၈၆	၇၂	၁၅၈
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၅	၇	၁၂
စုစုပေါင်း		၁၃၈	၁၂၆	၂၆၄
စုစုပေါင်း အိမ်ထောင်စု		(၅၉)အိမ်		

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ဟန်ကိုင်ကျေးရွာတွင် အိမ်ခြေ(၅၉)၊ လူဦးရေ(၂၆၄)ဦး ရှိပါသည်။ ဟန်ကိုင်ကျေးရွာတွင် ကချင်၊ ရှမ်း၊ ပလောင်၊ တရုတ်၊ ဗမာ လူမျိုးများ နေထိုင်ကြပါသည်။ တစ်အိမ်တွင် ပျှမ်းမျှ လူဦးရေ (၄)ဦးရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်☑နိမ့်□
	အလုပ်သမား /ဝန်ထမ်း				မြင့်□လတ်☑နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား /				မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အဝတ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□

CamScanner

စဉ်	လုပ်ငန်းများ	အစိုးရ အလုပ်အကိုင်		အစိုးရဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦး၊ရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:				မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:				မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:				မြင့်□လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:				မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:				မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း:				
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား:				☒
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	စုစုပေါင်း				☒

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင် လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင် လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင်လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ဟန်ကိုင်ကျေးရွာတွင် အဓိက တောင်ယာ/လယ်ယာပြုလုပ်ကြပါသည်။ အဓိက စိုက်ပျိုးသီးနှံမှာ စပါး၊ ကြံနှင့် ပြောင်းတို့ဖြစ်ကြသည်။ စိုက်ပျိုးရေး မှာ အလယ်အလတ်ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၇၀၀၀	၅၀၀၀	၅၀၀၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အဓိက အလုပ်အကိုင်မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။ လုပ်အားခ အများဆုံး(၇၀၀၀)နှင့် အနည်းဆုံး(၅၀၀၀) သတ်မှတ်ထားပါသည်။ အမျိုးသား၊ အမျိုးသမီးများအားလုံး တန်းတူညီမျှပေးသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)

✓

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အဓိက အလုပ်အကိုင်မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။ လုပ်အားခ အများဆုံး(၇၀၀၀)နှင့် အနည်းဆုံး(၅၀၀၀) သတ်မှတ်ထားပါသည်။ အမျိုးသား၊ အမျိုးသမီးများအားလုံး တန်းတူညီမျှပေးသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)

✓

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	(၃၀) ဧက	ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	(၆၇) ဧက	ကောင်း ☑	သင့် ☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	(၃၅) ဧက	ကောင်း ☐	သင့် ☑	ညံ့ ☐
အိမ်ခြံဝင်း နိုက်ခင်း		ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်	(၆) ဧက	ကောင်း ☐	သင့် ☑	ညံ့ ☐
စုစုပေါင်း	(၁၃၈)ဧက	☒		

ရင်းမြစ် ...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး(သို့)မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ဟန်ကိုင်ကျေးရွာတွင် လယ်မြေ(၃၀)ဧက၊ ယာမြေ (၆၇)ကေ၊ ဥယျာဉ်ခြံမြေ (၃၅)ကေ နှင့်မြေလွတ်မြေလပ်(၆)ဧက ရှိပါသည်။ တောင်ယာမြေဆီလွှာကောင်းပါသည်။ ကျန်သောမြေဆီလွှာမှာ အသင့်အတင့်ရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဧယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သင်္ဘောနှင့် အခြားတွင်းထွက်သယံ ဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ□ သင့်□ နည်း□ မရှိ☑	လွယ်□ ခက်□ အသုံးမပြုနိုင်ပါ□
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ□ သင့်□ နည်း□ မရှိ☑	လွယ်□ ခက်□ အသုံးမပြုနိုင်ပါ□
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ□ သင့်□ နည်း□ မရှိ☑	လွယ်□ ခက်□ အသုံးမပြုနိုင်ပါ□
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ□ သင့်□ နည်း☑ မရှိ□	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ဟန်ကိုင်ကျေးရွာတွင် သဘာဝတိရစ္ဆာန်မျိုးစိတ်များ အနည်းငယ် ရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ် အလတ်ရှိ သောအိမ် ထောင်စု	မပြေလည် သော အိမ်ထောင်စု	အလွန်မပြေ လည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	(၁၇)ဧက	(၂၅)ဧက	(၈၈)ဧက	-
အိမ်အခြေအနေ	(၁)ထပ်တိုက်	ထရံအိမ် (၁)ထပ်	ထရံအိမ်(၁)ထပ်	ထရံအိမ်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု				

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည် သော အိမ်ထောင်စု	အလွန်မပြေ လည်သော အိမ်ထောင်စု
အဓိကစီးပွားရေး လုပ်ငန်း	တောင်ယာ	တောင်ယာ	လုပ်သား	-
အိမ်ထောင်စု	၂	၉	၄၆	၂

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဥစ္စာဓန ပိုင်ဆိုင်မှုကို အဆင့်ဆင့်ခွဲခြားထားသည်။ ဟန်ကိုင်ကျေးရွာတွင် မပြေလည်သော အိမ်ထောင်စုများသည် (၈၈)ကော အများဆုံးပိုင်ဆိုင်ထားပါသည်။ အဆင့်(၁)မှာ (၂)အိမ်၊ အဆင့်(၂)မှာ (၉)အိမ်၊ အဆင့်(၃)မှာ (၄၆)အိမ်နှင့် အဆင့်(၄)မှာ (၂)အိမ်ရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား=_____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____

CamScanner

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်...ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(၈-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၄		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၁		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဟန်ကိုင်ကျေးရွာတွင် ဆင်းရဲပြီးအမျိုးသမီး ဦးဆောင်သော အိမ်ထောင်စု (၁၄)အိမ်ရှိပြီး တခုလပ် မုဆိုးဖို(၁)ဦးရှိပါသည်။

(၈-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဟန်ကိုင်ကျေးရွာတွင် စားနပ်ရိက္ခာ မဖူလုံမှု နိမ့်သည်။ရေကြီးမိုးခေါင်ခြင်းမရှိပါ။ မြေပြိုခြင်း၊ မြေဆီလွှာပျက်စီးခြင်းများလည်းမရှိပါ။ မီးသွေးဖုတ်သူများ အနည်းငယ်ရှိ၍ သစ်တောပြုန်းတီးခြင်းအနည်းငယ်ရှိပါသည်။ ရောဂါနှင့်ပါတ်သက်၍ တီဘီ၊ ကိုယ်ခံအားကျဆင်းမှု များမရှိပါ။ သို့သော် ငှက်ဖျားရောဂါ ဖြစ်ပွားမှုအနည်းငယ်ရှိသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐

✓

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဟန်ကိုင်ကျေးရွာတွင် ရှမ်း၊ ကချင်၊ ဗမာ လူမျိုးများနေထိုင်ကြပါသည်။ ရွှေ့ပြောင်းလုပ်သားများသည် အခြားမြို့များသို့ သွားရောက်လုပ်ကိုင်ရသောကြောင့်ထိခိုက်လွယ်မှု နိမ့်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး	၁ ☐ ၂ ☑ ၃ ☐	၂	-	၂	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုး ရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	ရေကော်မတီ	၁ ☐ ၂ ☑ ၃ ☐	၄	-	၄	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုး ရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	လူငယ်အဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၂၅	၁၁	၃၆	ပညာရေး☑ ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုး ရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	ဘာသာရေးအဖွဲ့	၁ ☐ ၂ ☐ ၃ ✓ ☐	၇၈	၉ ၉	၁၇ ၇	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုး ရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	✓ ကောင်း ☐ သင့် ☐ ညံ့ ☐
၅	အမျိုးသမီးအဖွဲ့	၁ ☐ ၂ ☐ ၃ ☑	-	၁၁	၁၁	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊	ကောင်း ☐ သင့် ☑ ညံ့ ☐

✓

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့်ကာကွယ်ရေး□	
၆	ကျောင်းကော်မတီ	၁ □ ၂ □ ၃ □	၄	၄	၈	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း □ သင့် □ ညံ့ □
၇	MCU အဖွဲ့	၁ ☑ ၂ □ ၃ □	၄	၃	၇	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း ☑ သင့် □ ညံ့ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ဟန်ကိုင်ကျေးရွာတွင် ခရစ်ယာန်နှင့် ဗုဒ္ဓဘာသာ ကိုးကွယ်သူများ နေထိုင်သည်။ ယဉ်ကျေးမှုအဖွဲ့ ဟူ၍ သတ်သတ်ဖွဲ့စည်းထားခြင်းမရှိပါ။ အမျိုးသမီးအဖွဲ့သည် ဘာသာရေး၊ သာရေး/နာရေး နှင့် လူမှုဖွံ့ဖြိုးရေး တို့တွင် အသင့်အတင့်ပါဝင်ကြသည်။ လူငယ်အဖွဲ့သည်လည်း ဘာသာရေးနှင့် ငွေရေးကြေးရေးကဏ္ဍတွင်ပါဝင်သည်။ ရေကော်မတီသည် လူမှုဖွံ့ဖြိုးရေးတွင်ပါဝင်ပြီး ကျောင်းကော်မတီသည် ပညာရေးကဏ္ဍ စသည်တို့တွင် အသီးသီးပါဝင်ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	မေတ္တာဖောင်ဒေးရှင်း	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂	ပညာရေး	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃	MCU	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ကွေကြေး☑ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၄		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၅		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၆		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

